**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**စီမံကိန်းဦးစီးဌာန**

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၂၄/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၃) ရက်

| ၁၃- ၁၁- ၂၀၂၅ | |
|---|---|
| **ငွေကြေး အမျိုးအစား** | **ငွေလဲလှယ်နှုန်း (ကျပ်)** |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၃၉.၃၆ |
| စင်္ကာပူဒေါ်လာ | ၁,၆၁၄.၆၄ |
| စတာလင်ပေါင် | ၂,၇၅၉.၆၁ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၅၆.၉၀ |
| တရုတ်ယွမ် | ၂၉၅.၉၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၂၄ |
| အိန္ဒိယရူပီး | ၂၃.၆၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၃.၄၂ |
| မလေးရှား ရင်းဂစ် | ၅၀၈.၈၄ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၉ |
| ရုရှားရူဘယ် | ၂၆.၀၅ |
| ထိုင်းဘတ် | ၆၅.၀၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံတွင် ပြောင်း ဝယ်လိုအားကျဆင်းကာ သီးနှံများစံချိန်တင် ထွက်ရှိလာရန် မျှော်မှန်းချက်များကြောင့် ပြောင်းဈေးနှုန်းများ ကြမ်းခင်းဈေးအောက်သို့ ရောက်ရှိ

➢ အိန္ဒိယနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် အမေရိကန်အကောက်ခွန်များ အပေါ် စိုးရိမ်မှုများကြားမှ ၁၇ ရာခိုင်နှုန်း တိုးတက်

➢ အိန္ဒိယသည် ပြည်တွင်းထုတ်လုပ်မှုလုံလောက်နေသောကြောင့် မြန်မာမှ ပဲတီစိမ်းနှင့် ပြောင်း တင်သွင်းမှု တိုးလာခြင်းကိုတားဆီးနိုင်

➢ ရုရှားနိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ ရောက်ရှိနိုင်

- **အထွေထွေသတင်းများ**

➢ အိန္ဒိယဗဟိုအစိုးရအဖွဲ့က ပို့ကုန်တင်ပို့သူများအတွက် ရူပီး ၄၅,၀၀၀ ကုဋေတန်ဖိုးရှိ အစီအစဉ်များ အားအတည်ပြု

➢ ရုရှားတွင် အလုပ်လက်မဲ့နှုန်း ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိ

➢ ရုရှား-ဗီယက်နမ် ရထားလမ်းချိတ်ဆက်နိုင်ရေး အကောင်အထည်ဖော် လျက်ရှိ

➢ ရုရှား-အင်ဒိုနီးရှား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဘီလီယံ ကျော် ရှိမည်

# အိန္ဒိယနိုင်ငံတွင် ပြောင်း ဝယ်လိုအားကျဆင်းကာ သီးနှံများစံချိန်တင် ထွက်ရှိလာရန် မျှော်မှန်းချက် များကြောင့် ပြောင်းဈေးနှုန်းများ ကြမ်းခင်းဈေးအောက်သို့ ရောက်ရှိ

အိန္ဒိယနိုင်ငံတွင် အီသနောထုတ်လုပ်သူများနှင့် ကြက်စာထုတ်လုပ်သူများကဲ့သို့သော ကဏ္ဍများမှ ဝယ်လိုအားများ လျော့ကျလာခြင်းနှင့်အတူ သီးနှံများ စံချိန်တင် ထွက်ရှိလာမည်ဟု မျှော်မှန်းထားချက်များကြောင့် ပြောင်းသီးနှံများ ဈေးကွက်သို့ ဝင်ရောက်လာမှု မြင့်တက်လာချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းဈေးနှုန်းများသည် ကြမ်းခင်းဈေး (MSP) အဆင့်များအောက်သို့ ဦးတည်နေကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၄ ရက်နေ့က ဖော်ပြသည်။

ပြည်နယ်အသီးသီးရှိ လက်ကားဈေးကွက်များတွင် အရောင်းအဝယ်အများစု ဖြစ်ပေါ်သည့် ပုံမှန်ဈေးနှုန်းများမှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁,၃၀၀ မှ ရူပီး ၂,၁၀၀ ကြားတွင် ရှိနေပြီး၊ ၂၀၂၅ ခုနှစ် ခါရစ် (မိုး) ရာသီအတွက် အစိုးရမှ သတ်မှတ်ထားသော ကြမ်းခင်းဈေး (MSP) ဖြစ်သည့် ရူပီး ၂,၄၀၀ အောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယင်းသို့ ဈေးနှုန်းများ ကြမ်းခင်းဈေးအောက်သို့ ဦးတည်နေသောကြောင့် တောင်သူလယ်သမားအချို့သည် အစိုးရအား ကြမ်းခင်းဈေးဖြင့် ဝယ်ယူပေးရန် တောင်းဆိုလျက်ရှိသည်။ Telangana ပြည်နယ်သည် အဆိုပါ သီးနှံကို ကြမ်းခင်းဈေးဖြင့် စတင်ဝယ်ယူလျက်ရှိကာ စုစုပေါင်း တန်ချိန် ၈ သိန်းခန့် ဝယ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

အိန္ဒိယတောင်သူလယ်သမားများသည် ပိုမိုကောင်းမွန်သော အကျိုးအမြတ်ရရှိရန် မျှော်မှန်း၍ ယခု ခါရစ်(မိုး)ရာသီတွင် ပြောင်းစိုက်ဧကများကို တိုးချဲ့လျက်ရှိပြီး ယခင်နှစ် ဧက ၈ ဒသမ ၄၃ သန်းမှ ဧက ၁ သန်းခန့် တိုးချဲ့ကာ ဧက ၉ ဒသမ ၄၉ သန်းခန့်အထိ တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း သိရသည်။ အချို့ဒေသများတွင် မိုးရေချိန် ပိုလျှံမှုကြောင့် သီးနှံအပေါ် သက်ရောက်မှုရှိသော်လည်း စိုက်ဧကတိုးတက်လာခြင်းကြောင့် ၂၀၂၅ ခုနှစ် ခါရစ်ရာသီအတွက် ပြောင်းသီးနှံကို စံချိန်တင်အထွက်နှုန်း ရရှိလာဖွယ်ရှိကြောင်း ခန့်မှန်းလျက်ရှိကြသည်။

အီသနော ထုတ်လုပ်သူများထံမှ ပြောင်းဝယ်လိုအားသည် ဆန်နှင့် ကြံကဲ့သို့သော အခြားကုန်ကြမ်းများ ရရှိနေခြင်းကြောင့် လျော့ကျသွားခဲ့ကြောင်း IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ ထို့အပြင် အစိုးရသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် အီသနောထုတ်လုပ်သူများအား ဆန်တန်ချိန် ၅ ဒသမ ၂ သန်းကို ခွဲဝေပေးထားကြောင်း သိရသည်။ သီးနှံအခြေခံ အီသနောထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းဖြစ်သည့် DDGS (ပျော်ဝင်ပစ္စည်းပါဝင်

Agribusiness & Trade

သော ပေါင်းခံပြီး ခြောက်သွေ့သည့် အစေ့အဆန်များ) ကို ကြက်မွေးမြူရေးလုပ်ငန်းရှင်များအတွက် ပိုမိုရရှိလာခြင်းသည်လည်း တိရစ္ဆာန်အစာကဏ္ဍမှ ပြောင်းဝယ်လိုအားကို ထိခိုက်စေနိုင်ကြောင်း ၎င်းက ထပ်လောင်းပြော ကြားခဲ့သည်။

ပြည်နယ်အများအပြားတွင် ခါရစ်သီးနှံများအပေါ် ရာသီမဟုတ် မိုးရွာသွန်းခြင်းနှင့် မိုးရေချိန် ပိုလျှံစွာရရှိမှုများ ရှိသော်လည်း စိုက်ဧကတိုးလာခြင်းကြောင့် ယခုနှစ် ပြောင်းအထွက်နှုန်းသည် ပြီးခဲ့ သည့်နှစ်ထက် ပိုမိုများပြားလာမည်ဟု မျှော်မှန်းရကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

Maharashtra ပြည်နယ်၏ အဓိက ပြောင်းစိုက်ပျိုးသည့် ဒေသများအနက် တစ်ခုတွင် သီးနှံ များကျယ်ကျယ်ပြန့်ပြန့် ပျက်စီးဆုံးရှုံးခဲ့သော်လည်း ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် Mahara-shtra ပြည်နယ်၏ အဓိက ပြောင်းဈေးကွက်ကြီး နှစ်ခုဖြစ်သည့် Jalna ခရိုင်တွင် ပြောင်းဈေးနှုန်းများ သည် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁,၉၀၀ မှ ရူပီး ၂,၃၀၀ ကြားရှိခဲ့ပြီး Sangli စိုက်ပျိုး ရေးထုတ်ကုန်ဈေးကွက် (APMC) တွင်မူ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၂,၃၅၀ မှ ရူပီး ၂,၄၅၀ ကြား ရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် ယခုလ ၂၈ ရက်နေ့တွင် Jalna စိုက်ပျိုးရေးထုတ် ကုန်ဈေးကွက် (APMC) တွင် ပုံမှန်ဈေးနှုန်းသည် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁,၄၅၀ အထိ ကျဆင်းသွားခဲ့ပြီး အနိမ့်ဆုံးဈေးနှုန်းမှာ ရူပီး ၉၅၀ နှင့် အမြင့်ဆုံးဈေးနှုန်းမှာ ရူပီး ၁,၈၀၀ ဖြစ်ခဲ့ ကြောင်း တွေ့ရှိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် တတိယအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ အိန္ဒိယနိုင်ငံ၏ ပြောင်းအထွက်နှုန်းသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၇၆ ဒသမ ၆၅ သိန်းရှိခဲ့ရာမှ တန်ချိန် ၄၂၂ ဒသမ ၈၁ သိန်းအထိ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် အီသနောနှင့် တိရိစ္ဆာအစာထုတ်လုပ်ရေးကဏ္ဍတို့မှ ပြောင်းဝယ်လို အား ကျဆင်းလာသကဲ့သို့ ယခုနှစ်အတွက် ပြောင်းစိုက်ဧကတိုးတက်ကာ ပြောင်းသီးနှံပိုမိုထွက်ရှိ လာမည်ဟူသော မျှော်မှန်းချက်များကြောင့် ပြောင်းဈေးနှုန်းများသည် အစိုးရသတ်မှတ်ဈေးအောက် ကျဆင်းလျက်ရှိပါသည်။ ယင်းကြောင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြောင်းတင်သွင်းရာတွင် ဈေး နှုန်းနှင့် အရေအတွက်အပေါ် များစွာအကျိုးသက်ရောက်မှုရှိနိုင်၍ သတိပြုဆောင်ရွက်သင့်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Agribusiness & Trade

ကောင်းထွင့်အောင်၊ စီးပွားရေးသံမှူး

ကော်လံကတ္တား

Source: The Hindu Businessline, Maize prices trend below MSP as arrivals pick up amidst easing demand from ethanol, poultry sector, November 4, 2025.

## အိန္ဒိယနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် အမေရိကန်အကောက်ခွန်များအပေါ် စိုးရိမ်မှုများကြားမှ ၁၇ ရာခိုင်နှုန်း တိုးတက်

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်များအပေါ် စိုးရိမ်ပူပန်မှုများရှိနေသော်လည်း ၎င်း၏ ပင်လယ်စာတင်ပို့မှုသည် လက်ရှိဘဏ္ဍာနှစ်၏ ပထမခြောက်လတွင် ၁၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခင်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၃,၃၈၅ သန်းမှ အမေရိကန်ဒေါ်လာ ၃,၉၇၄ သန်းအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ယာယီခန့်မှန်းချက်များအရ စက်တင်ဘာလ တစ်လတည်းတွင်ပင် ပင်လယ်စာတင်ပို့မှုများသည် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၆၃၂ ဒသမ ၇၀ သန်းမှ ၂၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၇၈၁ ဒသမ ၀၂ သန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Kings Infra ၏ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှု ဒါရိုက်တာဖြစ်သူ Shaji Baby John က လက်ရှိဘဏ္ဍာနှစ်၏ ပထမနှစ်လတွင် ကျဆင်းမှုရှိခဲ့သော်လည်း ဈေးကွက်အသီးသီးသို့ တင်ပို့မှု တိုးတက်လာခြင်းသည် အဓိကအားဖြင့် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလ ဝယ်လိုအားကြောင့် ဖြစ်ကြောင်း business-sline သတင်းဌာနသို့ ပြောကြားခဲ့သည်။ ၎င်းက သမ္မတထရမ့်ခေတ်၏ အကောက်ခွန်များကြောင့် အမေရိကန်ပြည်ထောင်စုသို့ ပို့ကုန်တင်ပို့မှု ကျဆင်းခြင်းကို ပြန်လည်မျှတစေရန် ဈေးကွက်ချဲ့ထွင်ရာ၌ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပင်လယ်ထွက်ကုန်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (MPEDA) နှင့် လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်သည်ဟု ချီးကျူး ပြောကြားခဲ့သည်။

ဥရောပ၊ အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့မှုများ တိုးတက်လာနေပြီး ကျန်းမာရေးကို ဂရုစိုက်သော စားသုံးသူများက ပရိုတင်းဓာတ်မြင့်မားသည့် ရွေးချယ်စရာများကို ရှာဖွေလာကြသောကြောင့် ပုစွန်များကို လူကြိုက်များလာခဲ့ကြောင်း၊ ယင်းအချက်ကြောင့် အိန္ဒိယ

Agribusiness & Trade

နိုင်ငံ၏ အကြီးဆုံး ပင်လယ်စာဝယ်ယူသည့် နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုသို့ အဓိကသွားသည့် ပုစွန်ထုပ်ကြီးများအစား အခြားဈေးကွက်များတွင် ပိုမိုနှစ်သက်သည့် ပုစွန်အလတ်စားများကို ရေလုပ်ငန်း လုပ်ကိုင်သူများက ယခုအခါ အာရုံစိုက်နေကြသည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

**ဈေးကွက် စုံလင်ကွဲပြားစေရန်နှင့် တန်ဖိုးမြှင့်တင်ရန် တွန်းအားပေး**

ICAR-ပင်လယ်ငါးဖမ်းလုပ်ငန်း ဗဟိုသုတေသနဌာန (ICAR–CMFRI) တွင် ကျင်းပသော ပင်လယ်ဂေဟစနစ်ဆိုင်ရာ စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ နှီးနှောဖလှယ်ပွဲ (International Symposium on Marine Ecosystems-MECOS 4) နှင့်အတူ ကျင်းပသည့် ရေလုပ်ငန်းဆိုင်ရာ အစည်းအဝေးတစ်ခုတွင် MPEDA ၏ ဒါရိုက်တာ Ram Mohan က ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း အမေရိကန် ပြည်ထောင်စုသို့ ပင်လယ်စာတင်ပို့မှု ၆ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့မှုများမှာ သိသိသာသာတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းသည် အာရှဈေးကွက်များဆီသို့ ဦးတည်၍ ကုန်သွယ်မှုဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်ကို ဖော်ပြလျက်ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးမှ ဟောပြောသူများသည် တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ဈေးကွက်စုံလင်ကွဲပြားစေရန်၊ ပိုမိုတန်ဖိုးမြှင့်တင်ရန်နှင့် နည်းပညာအခြေပြု ဆန်းသစ်တီထွင်မှုများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြဖို့ တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ICAR-ပင်လယ်ငါးဖမ်းနည်းပညာ ဗဟိုဌာန (CIFT) ၏ ဒါရိုက်တာ George Ninan က ဆန်းသစ်တီထွင်မှုနှင့် တန်ဖိုးဖန်တီးမှုများအတွက် သုတေသီများ၊ နည်းပညာရှင်များနှင့် ရေထွက်ကုန်လုပ်ငန်းရှင်များကို ပေါင်းစည်းရန် ရေလုပ်ငန်းကဏ္ဍတွင် ခိုင်မာသော ပေါ်ထွန်းစလုပ်ငန်းများဆိုင်ရာ ဂေဟစနစ် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ရေလုပ်ငန်းကဏ္ဍမှ ခေါင်းဆောင်များက ပင်လယ်စာကုန်ကြမ်းတင်ပို့မှုများကို ကျော်လွန်၍ ကြီးမားသည့် အလားအလာရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များသို့ ပြောင်းလဲထုတ်လုပ်ရမည်ဟု အလေးပေးပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိတန်ဖိုးမြှင့်ပင်လယ်စာ တင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၇၄၂ သန်းရှိပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်း၊ ဗီယက်နမ်၊ အီကွေဒေါနှင့် အင်ဒိုနီးရှားကဲ့သို့သော ပြိုင်ဘက်များထက် များစွာနောက်ကျလျက်ရှိကြောင်း တွေ့ရှိရသည်။

၎င်းတို့က ယှဉ်ပြိုင်နိုင်စွမ်း ပြန်လည်ရရှိရန်အတွက် သီးသန့် ရေသတ္တဝါမွေးမြူရေးဇုန်များ ထူထောင်ရန်နှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များ (FTAs) ကို အမြန်ဆုံးဆောင်

ရှက်ရန်လည်း အကြံပြုခဲ့ကြသည်။ CMFRI ဒါရိုက်တာ Grinson George က ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များကို မြှင့်တင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်နှင့် ရေရှည်တည်တံ့မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် ခံနိုင်ရည်ရှိအောင် တည်ဆောက်ရန်အတွက် လမ်းပြမြေပုံတစ်ခုကို ပြင်ဆင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် အမေရိကန်ဈေးကွက်မှ အာရှဒေသတွင်း ဈေးကွက်များသို့ အောင်မြင်စွာ ကူးပြောင်းလျက်ရှိသည့် အခြေအနေကြောင့် မြန်မာနိုင်ငံကဲ့သို့သော ပင်လယ်စာ တင်ပို့သောနိုင်ငံများအတွက် ပြိုင်ဆိုင်မှုမြင့်တက်လာကြောင်း ဖော်ပြလျက်ရှိပါသည်။ ထို့ကြောင့် မြန်မာ့ရေထွက်ကုန်နှင့် ပင်လယ်စာကဏ္ဍအနေဖြင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်စုံလင်ကွဲပြားစေခြင်းတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရှိနိုင်ပါရန် လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu Businessline, Maize prices trend below MSP as arrivals pick up amidst easing demand from ethanol, poultry sector, November 4, 2025.

.................................................................................................................

## အိန္ဒိယသည် ပြည်တွင်းထုတ်လုပ်မှုလုံလောက်နေသောကြောင့် မြန်မာမှ ပဲတီစိမ်းနှင့် ပြောင်း တင်သွင်းမှု တိုးလာခြင်းကိုတားဆီးနိုင်

ကမ္ဘာ၏ လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သော အိန္ဒိယသို့ များစွာသောနိုင်ငံများက ရောင်းချလိုသည့် ပဲတီစိမ်း (Moong) နှင့် ပြောင်း (Maize) များအတွက် အိန္ဒိယ၏ သွင်းကုန်မူဝါဒကို ပြည်တွင်း၌ ထုတ်လုပ်မှုများလုံလောက်နေမှုက လွှမ်းမိုးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ဝန်ကြီးအဆင့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပဲမျိုးစုံကုန်သွယ်ရေးနှင့် မတ်ပဲနှင့် ပဲစဉ်းငုံ ကုန်သွယ်ရေး သဘောတူစာချုပ် (MoU) ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် လွန်ခဲ့သော အပတ်က အိန္ဒိယအစိုးရ အရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း CNBC-TV18 သတင်းဌာနက ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံက ၎င်း၏ပြည်တွင်းစိုက်ပျိုးရေးတိုးမြှင့်ရန် သဘောတူစာချုပ်တွင် ပဲတီစိမ်းနှင့် ပြောင်းဖူးပါဝင်ရေးအဆိုပြုခဲ့သော်လည်း အိန္ဒိယအစိုးရက အစိုးပါသီးနှံများသည် ပြည်တွင်းထုတ်

Agribusiness & Trade

လုပ်မှု လုံလောက်မှုရှိခြင်းကြောင့် သဘောတူစာချုပ်တွင် ထည့်သွင်းရန်စိတ်ဝင်စားမှုမရှိကြောင်း အစိုးရသတင်းအရင်းအမြစ်များက ညွှန်းဆိုခဲ့သည်။

ငါးနှစ်သဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံသည် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၂.၅ သိန်းနှင့် ပဲစဉ်းငုံတန်ချိန် ၁ သိန်း အထူးသွင်းခွင့်ပြုထားသည်။ သို့ရာတွင် အစိုးရဆိုင်ရာ အရင်းအမြစ်များအရ မြန်မာနိုင်ငံမှ တင်သွင်းသည့် မတ်ပဲနှင့် ပဲစဉ်းငုံပမာဏများသည် နှစ်စဉ် သဘောတူချက်ထားရှိသည့် ပမာဏထက် နှစ်စဉ်ပိုမိုနေကြောင်း၊ အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ် မေလမှစတင်၍ မတ်ပဲနှင့် ပဲစဉ်းငုံများကို ကန့်သတ်ချက်မရှိ တင်သွင်းခွင့်ပြုခဲ့ပြီး ယခုအခါ ဤမူဝါဒကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်ထားကြောင်း သိရှိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံ ရှိခဲ့ပြီး အိန္ဒိယမှ မြန်မာနိုင်ငံသို့ တင်ပို့မှုသည် ဒေါ်လာ ၆၁၄ သန်းကျော်သာရှိသော်လည်း မြန်မာမှ တင်သွင်းမှုသည် ဒေါ်လာ ၁၅၃၃ သန်းခန့် ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ အိန္ဒိယသို့ တင်ပို့မှုသည် အိန္ဒိယမှ မြန်မာသို့ တင်ပို့မှုထက် ပိုမိုမြင့်တက်လာခြင်းမှာ အိန္ဒိယအစိုးက မတ်ပဲနှင့် ပဲစဉ်းငုံတို့ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ကန့်သတ်ချက်မရှိ တင်သွင်းခွင့် ကြေညာခဲ့ပြီးနောက်ပိုင်းတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ထပ်မံတိုးချဲ့ခဲ့သောကြောင့် ဖြစ်ပါကြောင်း၊ စုစုပေါင်း နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် ၁.၂၉ ဘီလီယံမှ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် ၁.၈၉ ဘီလီယံ၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၁.၇၆ ဘီလီယံနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၁.၇၄ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အိန္ဒိယသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါကြောင်း၊ အိန္ဒိယသည် မြန်မာနိုင်ငံသို့ ဆေးဝါးများ၊ တိရစ္ဆာန်မှထွက်ကုန်များ၊ ကောက်ပဲသီးနှံများ၊ အစားအသောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ ဝါဂွမ်း၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် လျှပ်စစ်စက်ကိရိယာများ အဓိကတင်ပို့လျက်ရှိပြီး တစ်ဖက်တွင်မူ မြန်မာနိုင်ငံမှ အိန္ဒိယသို့ ပဲမျိုးစုံ၊ သစ်ထွက်ပစ္စည်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယအစိုးရဌာန သတင်းအရင်းအမြစ်များအရ မကြာမီသက်တမ်းတိုးရန် ပြင်ဆင်လျက်ရှိသော ပဲတင်ပို့မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ပဲတီစိမ်းနှင့် ပြောင်းကို ထည့်သွင်းချုပ်ဆိုရန် မြန်မာဘက်မှ အဆိုပြုထားသော်လည်း အိန္ဒိယဘက်မှ ပြည်တွင်းထုတ်လုပ်မှု လုံလောက်

မှုရှိသည့်အတွက် စာချုပ်တွင်ထည့်သွင်းခြင်းမပြုနိုင်ကြောင်း CNBC-TV18 သတင်းဌာနက ဖော်ပြထားမှုအခြေအနေအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India resists rise in moong, maize imports from Myanmar due to ample domestic production, CNBC TV 18, 3 November, 2025.

.................................................................................................................

## ရုရှားနိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ ရောက်ရှိနိုင်

ရုရှားနိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်ကုန်အထိ အမေရိကန်ဒေါ်လာ ၆ ဘီလီယံခန့် ရောက်ရှိနိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံစဉ် ရုရှားဖက်ဒရယ်ငါးလုပ်ငန်းအေဂျင်စီ(Federal Agency for Fishery - Rosrybolovstvo) အကြီးအကဲ Mr. Ilya Shestakov က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ရေထွက်ကုန် တင်ပို့နိုင်မှုသည် တန်ချိန် ၁ ဒသမ ၃ သန်း ခန့်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်၊ အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်း ပိုများကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၂၄ ခုနှစ် အဆင့်ထက် ၈ ရာခိုင်နှုန်း ပိုများကြောင်း၊ နှစ်ကုန်တွင် ပို့ကုန်တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၆ ဘီလီယံခန့် ရောက်ရှိမည်ဟု မျှော်လင့်ကြောင်း Mr. Ilya Shestakov က ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများသို့ ပို့ကုန်ဈေးကွက်ဝင်ရောက်ခွင့် ကန့်သတ်ထားသော်လည်း အာရှနိုင်ငံများသည် ရုရှား၏အဓိကရောင်းချသည့်ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ လက်ရှိတွင် နိုင်ငံပေါင်း ၉၀ ခန့်သို့ တင်ပို့လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တရုတ်နှင့် ကိုရီးယားနိုင်ငံတို့သည် အဓိကဝယ်ယူသူများဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ရုရှား၏ ငါးနှင့်ရေထွက်ကုန်များ တင်ပို့နိုင်မှုပမာဏသည် တန်ချိန် ၂ ဒသမ ၁ သန်းရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံရှိခဲ့ပြီး တင်သွင်းမှုပမာဏသည် တန်ချိန် ၇ သိန်းခန့်ရှိကာ တန်ဖိုး ဒေါ်လာ ၃ ဘီလီယံ ရှိကြောင်း သိရသည်။

ရုရှား၏ အဓိကတင်ပို့သော ရေထွက်ကုန်အမျိုးအစားများမှာ အေးခဲငါးများ အပါအဝင် pollock ၊ herring ၊ salmon ၊ sardine ၊ cod ၊ fishmeal နှင့် ဂဏန်းများဖြစ်ပြီး အဓိကတင်ပို့သော နိုင်ငံများမှာ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ပိုလန်နှင့် ဂျာမနီတို့ဖြစ်သည်။ ရုရှား၏ အဓိကတင်သွင်းသော ရေထွက်ကုန်များမှာ အေးခဲငါးများ၊ Vannamei ပုစွန်၊ ပုစွန်ကျား၊ salmon နှင့် ပြည်ကြီးငါးများဖြစ်ပြီး အဓိကတင်သွင်းသောနိုင်ငံများမှာ ချီလီ၊ တူကီယဲ၊ အိန္ဒိယ၊ တရုတ်နှင့် အီကွေဒေါ တို့ဖြစ်သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source : https://tass.ru/ekonomika/25487259

……………………………………………………………………………………………………

## အိန္ဒိယဗဟိုအစိုးရအဖွဲ့က ပို့ကုန်တင်ပို့သူများအတွက် ရူပီး ၄၅,၀၀၀ ကုဋေတန်ဖိုးရှိ အစီအစဉ်များ အားအတည်ပြု

အိန္ဒိယဗဟိုအစိုးရသည် လက်ရှိရင်ဆိုင်နေရသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကြားတွင် ပို့ကုန်တင်ပို့သူများအား အထောက်အကူပြုရန်အတွက် စုစုပေါင်း ရူပီး ၄၅,၀၀၀ ကုဋေတန်ဖိုးရှိ အစီအစဉ်များကို နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အတည်ပြုလိုက်ကြောင်း NDTV Profit သတင်းဌာနက ယခုလ ၁၂ ရက်နေ့က ဖော်ပြသည်။

အဆိုပါ အစီအစဉ်များတွင် အစိုးရက သားရေ၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာကဲ့သို့သောကဏ္ဍများအား ဦးစားပေးအဖြစ်သတ်မှတ်ကာ ရူပီး ၂၅,၀၀၀ ကုဋေတန်ဖိုးရှိ အများကမျှော်လင့်နေသော ပို့ကုန်မြှင့်တင်ရေးမစ်ရှင် (Export Promotion Mission) ပါဝင်ကြောင်း သိရသည်။

ထို့အပြင် ဗဟိုအစိုးရအဖွဲ့သည် စုစုပေါင်း ရူပီး ၂၀,၀၀၀ ကုဋေ အကုန်အကျခံမည့် ပို့ကုန်တင်ပို့သူများအတွက် ချေးငွေအာမခံအစီအစဉ် (Credit Guarantee Scheme for Exporters) ကို တိုးချဲ့ရန်လည်း အတည်ပြုခဲ့ကြောင်း သိရသည်။

### ပို့ကုန်မြှင့်တင်ရေးမစ်ရှင်၏ အသေးစိတ်အစီအစဉ်များ ထုတ်ပြန်

အစိုးရက ပို့ကုန်များအတွက် "အဓိက ဦးဆောင်မှု အစီအစဉ်" ဟု ခေါ်ဝေါ်သော ပို့ကုန်မြှင့်တင်ရေးမစ်ရှင် (EPM) သည် အမျိုးမျိုးအဖုံဖုံ ကွဲပြားလျက်ရှိသော အစီအစဉ်များမှ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးစိန်ခေါ်မှုများနှင့် ပြောင်းလဲနေသော ပို့ကုန်လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို လျင်

မြန်စွာ တုံ့ပြန်နိုင်သည့် "ရလဒ်အခြေခံသော၊ လိုက်လျောညီထွေရှိသော တစ်ခုတည်းသော ယန္တရား" ဆီသို့ မဟာဗျူဟာမြောက် ပြောင်းလဲမှုတစ်ခုကို အမှတ်အသားပြုမည်ဟု ပြောကြားခဲ့သည်။ အဆိုပါ အစီအစဉ်ကို ၂၀၂၆ ဘဏ္ဍာနှစ်မှ ၂၀၃၁ ဘဏ္ဍာနှစ်အထိ ကာလအတွက် အတည်ပြုခဲ့ကြောင်း သိရသည်။

ဗဟိုအစိုးရအဖွဲ့ အစည်းအဝေးအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် "EPM သည် အတိုးနှုန်းညီမျှရေးအစီအစဉ် (Interest Equalisation Scheme -IES) နှင့် ဈေးကွက်ဝင်ရောက်ခွင့် အစီအစဉ် (Market Access Initiative-MAI) ကဲ့သို့သော အဓိက ပို့ကုန်ထောက်ပံ့ရေး အစီအစဉ်များကို ခေတ်မီကုန်သွယ်မှုလိုအပ်ချက်များနှင့်အညီ ပေါင်းစည်းထားသည်" ဟု ဖော်ပြထားသည်။

အဆိုပါ မစ်ရှင်ကို Niryat Protsahan နှင့် Niryat Disha ဟူ၍ ပေါင်းစပ်ထားသော အစီအစဉ်ခွဲနှစ်ခုဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ ပထမ အစီအစဉ်ခွဲသည် အတိုးထောက်ပံ့ငွေ၊ ပို့ကုန်ဆိုင်ရာ ငွေတောင်းခံလွှာရောင်းချခြင်း၊ အပေါင်ပစ္စည်း အာမခံချက်များ၊ အီလက်ထရောနစ်ကုန်သွယ်မှုဆိုင်ရာ ပို့ကုန်လုပ်ငန်းရှင်များအတွက် ခရက်ဒစ်ကတ်များနှင့် ဈေးကွက်သစ်များသို့ ကွဲပြားအောင်ဆောင်ရွက်မှုအတွက် ချေးငွေတိုးမြှင့်ထောက်ပံ့မှုစသည့် ကိရိယာမျိုးစုံမှတစ်ဆင့် "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် တတ်နိုင်သော ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာငွေကို ပိုမိုရရှိစေရန်" အာရုံစိုက်မည်ကြောင်း သိရသည်။

အခြားတစ်ဖက်တွင်မူ Niryat Disha အစီအစဉ်သည် ပို့ကုန်အရည်အသွေးနှင့် လိုက်နာမှုဆိုင်ရာအထောက်အပံ့၊ နိုင်ငံတကာအမှတ်တံဆိပ်၊ ထုပ်ပိုးမှုနှင့် ကုန်စည်ပြပွဲများတွင် ပါဝင်မှုတို့ အပါအဝင် "ဈေးကွက်အတွက် အသင့်ဖြစ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးသည့်" ငွေကြေးမဟုတ်သော အထောက်အကူပြုအချက်များအပေါ် အာရုံစိုက်မည်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အောက်တွင် အစိုးရသည် "ပို့ကုန်ဆိုင်ရာ သိုလှောင်ရုံများနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ ပြည်တွင်းသယ်ယူပို့ဆောင်ခ ပြန်လည်ပေးချေမှုများနှင့် ကုန်သွယ်မှုဆိုင်ရာ ထောက်လှမ်းရေးနှင့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ" အတွက်လည်း အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖြည့်စွက်ဖော်ပြထားသည်။

နိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှုဦးစီးဌာန (DGFT) သည် အဆိုပါ အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်ဌာနအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး၊ လျှောက်လွှာတင်သွင်းခြင်းမှ ငွေ

Agribusiness & Trade

ထုတ်ပေးခြင်းအထိ လုပ်ငန်းစဉ်အားလုံးကို လက်ရှိကုန်သွယ်မှုစနစ်များနှင့် ပေါင်းစပ်ထားသော သီးသန့်ဒစ်ဂျစ်တယ် စနစ်မှတစ်ဆင့် စီမံခန့်ခွဲသွားမည်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် တတ်နိုင်သော ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေကိုရရှိစေရန်၊ အိန္ဒိယထုတ်ကုန်များအတွက် ဈေးကွက်ဝင်ရောက်ခွင့်နှင့် မြင်သာမှုကို မြှင့်တင်ရန်၊ သမားရိုးကျမဟုတ်သော ခရိုင်များနှင့် ကဏ္ဍများမှ ပို့ကုန်များကို မြှင့်တင်ရန်နှင့် ထုတ်လုပ်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများတစ်လျှောက် အလုပ်အကိုင်များ ဖန်တီးပေးရန် မျှော်မှန်းထားကြောင်း အစိုးရက မှတ်ချက်ပြုခဲ့သည်။

**အမေရိကန်၏ အခွန်မူဝါဒများကြောင့် အိန္ဒိယ၏ ပို့ကုန်ကဏ္ဍ ထိခိုက်မှုများ**

အိန္ဒိယတင်ပို့သူများအတွက် အဆိုပါ အစီအစဉ်နှစ်ခု ထွက်ပေါ်လာခြင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ သွင်းကုန်အခွန်မူဝါဒများကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုမရေရာမှုများ ဖြစ်ပေါ်နေချိန်နှင့် တိုက်ဆိုင်လျက်ရှိကြောင်း တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံသည် အဆိုးရွားဆုံး ထိခိုက်ခံရသည့်နိုင်ငံများအနက် တစ်ခုပါဝင်ပြီး အမေရိကန်ပြည်ထောင်စုသို့ တင်ပို့သော ၎င်း၏ ပို့ကုန်များသည် ၅၀ ရာခိုင်နှုန်းအထိ မြင့်မားသော အကောက်ခွန်များ ကျသင့်နေကြောင်း သိရသည်။

ပြီးခဲ့သည့်လက ထုတ်ပြန်ခဲ့သော တရားဝင်အချက်အလက်များအရ အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန် စည်းမျဉ်းများသည် အထည်အလိပ်၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများနှင့် ရေထွက်ကုန်များကဲ့သို့သော အဓိကကဏ္ဍများကို စတင်ထိခိုက်လာသည်နှင့်အမျှ ပြီးခဲ့သည့် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုသည် နှစ်လဆက်တိုက် ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အမေရိကန်ပြည်ထောင်စုသို့တင်ပို့သည့် ပို့ကုန်တန်ဖိုးသည် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၇ ဘီလီယံရှိခဲ့ရာမှ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃ ဘီလီယံသို့ ကျဆင်းသွားခဲ့ပြီး တစ်လအတွင်း ၂၁ ရာခိုင်နှုန်းနီးပါး ကျဆင်းမှုကို ပြသခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုမှ သွင်းကုန်များမှာမူ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံသို့ တိုးမြင့်လာခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယအစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများ၊ ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာခြိမ်းခြောက်မှုများ တိုးမြင့်လာချိန်တွင် ၎င်း၏ ပို့ကုန်လုပ်ငန်းများအတွက် အထူးသဖြင့်

MSMEs လုပ်ငန်းရှင်များအတွက် လိုအပ်သော အကူအညီအထောက်အပံ့များပေးအပ်နိုင်ရန် ပို့ကုန်မြှင့်တင်ရေး မစ်ရှင် (Export Promotion Mission) အတွက် ရူပီး ၂၅,၀၀၀ ကုဋေအထိ အသုံးစရိတ်များသုံးစွဲသွားရန် အတည်ပြုလိုက်သည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။ ၎င်းတွင် ဈေးကွက်သစ်များ စုံလင်ကွဲပြားအောင်ဆောင်ရွက်ခြင်းအတွက် အကူအညီပေးအပ်ရန်လည်း ပါရှိသည့်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ကုန်သွယ်မှုပြုလုပ်နိုင်ရန် မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများဆီသို့ ပိုမိုအာရုံစိုက်လာနိုင်သည့်အလားအလာရှိကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: NDTV Profit, Cabinet Okays Rs 45,000 Crore Boost For Exporters Amid Global Headwinds, November 13, 2025.

.....................................................................................................................

## ရုရှားတွင် အလုပ်လက်မဲ့နှုန်း ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိ

ရုရှားဖက်ဒရယ်စာရင်းအင်း ဝန်ဆောင်မှုဌာန(Rosstat)၏ ခန့်မှန်းချက်အရ ရုရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး ယခင် ဩဂုတ်လ၏ အလုပ်လက်မဲ့နှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းမှ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း(ILO) ၏ နည်းစနစ်နှင့်အညီ စက်တင်ဘာလတွင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၁ ဒသမ ၆ သန်းကို အလုပ်လက်မဲ့အဖြစ် သတ်မှတ်ခဲ့ပြီး ယင်းအလုပ်လက်မဲ့များအနက် အမျိုးသမီးများပါဝင်မှုသည် ၅၃ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

အလုပ်လက်မဲ့လူဦးရေပေါင်း ၁ ဒသမ ၆ သန်းအနက် ၁ ဒသမ ၁ သန်းသည် မြို့ပြနေထိုင်သူများဖြစ်ပြီး ၀ ဒသမ ၅ သန်းခန့်သည် ကျေးလက်နေသူများဖြစ်သည်။ ယင်းတို့အနက် အသက် ၂၅ နှစ်နှင့်အောက် လူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀ ရာခိုင်နှုန်းရှိပြီး အသက် ၅၀ နှစ်နှင့်အထက် အလုပ်လက်မဲ့နှုန်းသည် ၁၉ ရာခိုင်နှုန်းရှိကာ လုပ်ငန်းအတွေ့အကြုံမရှိသူများ၏ ပါဝင်မှုသည် ၂၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။

ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများ လိုအပ်နေပြီး လုပ်သား ရှားပါးမှုသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအတားအဆီးတစ်ခု ဖြစ်နေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင် က အစောပိုင်းတွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် အနိမ့်ဆုံးသို့ ရောက်ရှိနေပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်ရုံလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သားအင်အား မလုံလောက်မှုကို ကြုံတွေ့နေရသဖြင့် အဆိုပါလုပ်ငန်းများတွင် လိုအပ်သောအလုပ်သမားများ ဖြည့်ဆည်းပေးနိုင်ရေး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် ဖော်ရွေသောနိုင်ငံများမှ ရုရှားနိုင်ငံသို့ ခေါ်ယူခန့်အပ်နိုင်ရန် ရုရှားအလုပ်သမားအေဂျင်စီများမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.interfax.ru/amp/1055418

## ရုရှား-ဗီယက်နမ် ရထားလမ်းချိတ်ဆက်နိုင်ရေး အကောင်အထည်ဖော်လျက်ရှိ

ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံကြား ချိတ်ဆက်မှုများ မြှင့်တင်ရန်အတွက် တရုတ်နှင့် မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေများကို ဖြတ်သန်းမည့် ရထားလမ်းချိတ်ဆက်မှုတစ်ခု ထူထောင်ရန် အကောင်အထည်ဖော်လျက်ရှိကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexey Overchuk က ပြောကြားခဲ့သည်။

တရုတ်နှင့် မွန်ဂိုလီးယားမှတစ်ဆင့် ဗီယက်နမ်သို့ ရထားလမ်းချိတ်ဆက်ရန် စိတ်ကူးကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းအပြင် ရုရှား၏ အရှေ့ဖျားဒေသဆိပ်ကမ်းနှင့် ဗီယက်နမ်ဆိပ်ကမ်းများကြား ချိတ်ဆက်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းသည် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမို ထိရောက်စေရန် ဖြစ်ကြောင်း Mr. Alexey Overchuk က ပြောကြားခဲ့သည်။

စွမ်းအင်ကဏ္ဍတွင် မော်စကိုနှင့် ဟန်နွိုင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ပုံမှန်အတိုင်း ဆက်လက်တည်ရှိနေကြောင်း၊ ယင်းသည် ရုပ်ကြွင်းလောင်စာများနှင့် နျူကလီးယားစွမ်းအင်နှစ်ခုလုံး

Agribusiness & Trade

အတွက်အကျိုးဝင်ကြောင်း၊ ဗီယက်နမ်နှင့် မိတ်ဖက်ဆက်ဆံရေးသည် ရုရှားအတွက် ဦးစားပေးဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ရုရှားနှင့် ဗီယက်နမ်တို့သည် စွမ်းအင်၊ စက်မှုအင်ဂျင်နီယာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU) အကြား လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်(FTA) သည် ၂၀၁၆ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပြီးနောက် ရုရှား-ဗီယက်နမ် ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာ တိုးတက်လာကာ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ယင်းပမာဏသည် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉၀ ရာခိုင်နှုန်းနီးပါး ပိုများခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနှင့် ဗီယက်နမ်ကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၄ ဒသမ ၅၉ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.kommersant.ru/doc/8159786

## ရုရှား-အင်ဒိုနီးရှား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်ရှိမည်

ရုရှားနှင့် အင်ဒိုနီးရှားတို့ကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော် ရှိလာမည်ဟု ရုရှားနိုင်ငံမှ မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Sergey Tolchenov က TASS သတင်း ဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ကုန်သွယ်မှုပုံသဏ္ဌာန်မှာ များစွာပြောင်းလဲခြင်းမရှိဘဲ ရုရှားနိုင်ငံ၏ အဓိကပို့ကုန်များသည် သတ္တု၊ စွမ်းအင်အရင်းအမြစ်များ၊ သစ်၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ကြောင်း၊ စားအုန်းဆီသည် အင်ဒိုနီးရှား၏ အဓိကပို့ကုန်အဖြစ် ဆက်လက်တည်ရှိနေပြီး ၎င်းသည် ရုရှားဈေးကွက်သို့ အဓိကပို့ကုန်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးသည် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတိုးချဲ့ရန် စိတ်

ဝင်စားမှုရှိကြောင်း၊ အင်ဒိုနီးရှားကုမ္ပဏီအများ အပြားသည် ၎င်းတို့၏ထုတ်ကုန်များကို ရုရှားဈေးကွက်သို့ တင်ပို့ရန် ဆန္ဒရှိကြကြောင်း၊ ကော်ဖီ၊ လက်ဖက်ခြောက်၊ အပူပိုင်းဒေသ သစ်သီးဝလံများနှင့် ဟင်းခတ်အမွှေးအကြိုင်များသည် အင်ဒိုနီးရှားအတွက် ရုရှားဈေးကွက်သို့ တင်ပို့ရန် စိတ်ဝင်စားဖွယ်ကောင်းသည့် ထုတ်ကုန်များဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက ပြောကြားခဲ့သည်။

ဥရောပအာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union - EAEU)နှင့် အင်ဒိုနီးရှားတို့အကြား လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်(FTA)ကို ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးရန် မျှော်လင့်ထားကြောင်း၊ ယင်းသည် နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံအထိ ရှိခဲ့သည်။ ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ကုန်များ၊ သံနှင့် သံမဏိ၊ ဓာတ်မြေဩဇာ၊ ဂျုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်ပို့ပြီး အင်ဒိုနီးရှားမှ စားအုန်းဆီ၊ ရော်ဘာ၊ ကော်ဖီနှင့် စိုက်ပျိုးရေး ထွက်ကုန်များ အဓိကတင်သွင်းကြောင်း သိရသည်။

ရုရှားတွင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသည့် ကော်ဖီ၊ လက်ဖက်ခြောက်၊ အပူပိုင်းဒေသ သစ်သီးဝလံများနှင့် ဟင်းခတ်အမွှေးအကြိုင်များသည် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ တင်ပို့ရန် အလား အလာကောင်းများရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/25469817

……………………………………………………………………………………………………

Agribusiness & Trade